Center for Diversity and National Harmony

Daily News Letter

No.(12), Shwe Li Street,
Kamayut Township,
Yangon11041, Myanmar

အတွဲ (၁)၊ အမှတ် (၂၇၁) နေ့စွဲ။ ၃.၁၁.၂၀၁၅ (တနင်္လာနေ့)

| စဉ် | နေ့စွဲ | သတင်းဌာန | အကြောင်းအရာ | အကျဉ်းချုပ် |
|---|---|---|---|---|
| ၁ | ၃.၁၁.၁၅ | The Messenger Pg (3) | ဦးသိန်းစိန် | **နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ယနေ့ရခိုင်သွားမည်**<br>နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နိုဝင်ဘာ ၃ ရက်နေ့ (ယနေ့) တွင် ရခိုင်ပြည်နယ်သို့ သွားရောက်မည်ဖြစ်ကြောင်းသိရသည်။ နေပြည်တော်မှတစ်ဆင့် ရခိုင်ပြည်နယ်၊ စစ်တွေမြို့သို့ လေယာဉ်ပျံနှင့် သွားရောက်မည်ဖြစ်ပြီး ထိုမှတစ်ဆင့် မြောက်ဦးမြို့၊ စစ်တွေမြို့ရှိ လောကနန္ဒာစေတီတော်မြတ်ကြီးတွင် ရခိုင်လူထုနှင့် တွေ့ဆုံမည်ဖြစ်သည်ဟု ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဥပဒေချုပ် ဦးလှသိန်းက ပြောသည်။ |
| ၂ | ၃.၁၁.၁၅ | စံတော်ချိန် အတွဲ (၃) အမှတ် (၉၂၃) p (1,2) | ဦးသိန်းစိန်န | **နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြောက်ဦးဘုရားထီးတော်တင် ခရီးစဉ် နိုင်ငံရေးရည်ရွယ်ချက်ကဲသော ခရီးစဉ်အဖြစ် ALP ဝေဖန်**<br>မဟာပညာကျော်ဘုရား ရွှေထီးတော်တင်လှူရေးအတွက် နိုင်ငံတော် သမ္မတဦးသိန်းစိန် ရခိုင်ပြည်နယ်မြောက်ဦး ရှေးဟောင်းယာဉ်ကျေးမှုမြို့တော်သို့ နိုဝင်ဘာ ၃ ရက်တွင် သွားရောက်မည်ဖြစ်ရာ သမ္မတ၏ခရီးစဉ်ကို ဘာသာရေးရည်ရွယ်ချက်ထက် နိုင်ငံရေး ရည်ရွယ်ချက်ပိုကဲသည့် ခရီးစဉ်အဖြစ် ရခိုင်နိုင်ငံရေးပါတီများကဝေဖန်ခဲ့သည်။ မိမိတို့အနေဖြင့် သမ္မတ၏ မြောက်ဦးခရီးစဉ်အပေါ် သံသယဝင်မိကြောင်း၊ မြောက်ဦးမြို့သို့ သမ္မတတစ်ဦးအဖြစ် လာရောက်သည် သို့မဟုတ် ပြည်ခိုင်ဖြိုးပါတီ ဥက္ကဋ္ဌအဖြစ် လာရောက်သည်ဟူသော အချက်များကို မိမိတို့အနေဖြင့် မခွဲခြားနိုင်ကြောင်း ALP ပါတီမှ လွှတ်တော် ကိုယ်စားလှယ်လောင်း ဦးဦးလှစောက ပြောကြားခဲ့ပြီး သမ္မတ၏ ခရီးစဉ်ရည်ရွယ်ချက်ကို မေးခွန်းထုတ် ခဲ့သည်။<br>ချမ်းနယ်နယူးစ်အေးရား |
| ၃ | ၃.၁၁.၁၅ | 7 Day Daily No (895) p (1,2) | ဒေါ်အောင်ဆန်း စုကြည် | **ဒေါ်အောင်ဆန်းစုကြည် ဖယာန်းတွင် မဲပေးမည်**<br>နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ၂၀၁၅ ရွေးကောက်ပွဲတွင် NLD အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က ရန်ကုန်တိုင်းဒေသကြီး ဖယာန်းမြို့နယ် တွင် မဲပေးမည်ဖြစ်ကြောင်း ဒီချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဉာဏ်ဝင်းကပြောသည်။ ဒေါ်အောင်ဆန်းစုကြည်သည် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် |

| | | | | |
|---|---|---|---|---|
| | | | | အရွေးခံမည့် ကော့မှူးမြို့နယ်တွင် မဲမပေးဘဲ ဗဟန်းမြို့နယ်တွင်မဲ ပေးမည်ဖြစ်ရာ တစ်သီးပုဂ္ဂလ ဒေါက်တာညိုညိုသင်းနှင့် အကြိတ် အနယ်ယှဉ်ပြိုင်မည့် ဒီချုပ်အမတ်လောင်း ဦးထွန်းမြင့် အတွက် အားတက်စရာဖြစ်ခဲ့သည်။ သို့သော် ၂၀၁၂ ကြားဖြတ်ရွေးကောက် ပွဲတွင် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်သူ့လွှတ်တော် ကိုယ်စား လှယ်အဖြစ် ဝင်ရောက်ရွေးချယ်ခံခဲ့သည့် ကော့မှူးမြို့နယ်ဝါးသ်ခ ကျေးရွာတွင် မဲပေးခဲ့သည်။<br>နန္ဒ (ရန်ကုန်) |
| ၄ | ၃.၁၁.၁၅ | The Messenger Pg (6, 10,) | Election | **ရွေးကောက်ပွဲနေ့ အစီရင်ခံစာ (၄၈) နာရီအတွင်း ထုတ်ပြန်မည်**<br>၂၀၁၅ ခုနှစ်၊ နိုဝင်ဘာ (၈) ရက်နေ့တွင်ကျရောက်မည့် အထွေ ထွေရွေးကောက်ပွဲနေ့တွင် ပြည်သူများ ပူးပေါင်းလှုပ်ရှားမှုအဖွဲ့မှ စောင့်ကြည့်လေ့လာမှုများပြုလုပ်၍ တွေ့ရှိချက်များအပေါ် ကနဦး အစီရင်ခံစာကို (၄၈) နာရီအတွင်း ထုတ်ပြန်သွားမည်ဟု သိရ သည်။ ရွေးကောက်ပွဲနေ့တွင် စောင့်ကြည့်လေ့လာသူ (၂၀၀၀) ကို စေလွှတ်၍ မဲရုံ (၁၀၀၀) ကို စောင့်ကြည့်လေ့လာမည်ပြီး မဲရုံတစ်ရုံ တွင်လည်း လူနှစ်ဦးစီထားရှိကာ တယ်လီဖုန်းဖြင့် သတင်းအချက် အလက်များ ချက်ချင်းပေးပို့နိုင်ရန်အတွက်လည်း လူဦးရေ (၄၅၀) ဖြင့် စောင့်ကြည့်မှုများပြုလုပ်၍ ကနဦး အစီရင်ခံစာထုတ်ပြန်သွား မည်ဟု ယင်းအဖွဲ့မှ အမှုဆောင်ဒါရိုက်တာ ဦးရဲကျော်စွာမြင့်က ပြောသည်။ လာမည့်ရွေးကောက်ပွဲနေ့တွင် SMS Reporting စနစ် ကို အသုံးပြုကာ စောင့်ကြည့်လေ့လာသွားမည်ဖြစ်ကြောင်း ဒါန ရှေ့ဆောင်မြန်မာ Charity Oriented Myanmar COM မှ အဖွဲ့ အစည်းဆိုင်ရာ အတိုင်ပင်ခံ ဦးအောင်ထိုက်မင်းက ပြောသည်။ |
| ၅ | ၃.၁၁.၁၅ | 7 Day Daily No (895) p (5) | Election | **PACE အဖွဲ့က ရွေးကောက်ပွဲနှင့် ပတ်သက်သည့် အကြောင်းအရာ စောင့်ကြည့်သွားမည်ဟုဆို**<br>ယုံကြည်ရသော ရွေးကောက်ပွဲများ ပေါ်ပေါက်ရေး ပြည် သူများ ပူးပေါင်းလှုပ်ရှားမှုအဖွဲ့ PACE က ရွေးကောက်ပွဲတွင် အကြောင်းအရာ အချက်အလက် ၄၀ ခန့်ကို စောင့်ကြည့်မည်ဖြစ် ကြောင်း PACE အမှုဆောင် ဒါရိုက်တာ ဦးစိုင်းရဲကျော်စွာမြင့်က ပြောသည်။ ရွေးကောက်ပွဲနေ့တွင် ၎င်းတို့အဖွဲ့က မဲရုံပေါင်းတစ် ထောင်ကို လူဦးရေနှစ်ထောင်ဖြင့် စောင့်ကြည့်မည်ဖြစ်ကြောင်း သိရသည်။ ဒေသအသီးသီးရှိ မဲရုံစောင့်ကြည့် ကိုယ်စားလှယ် ၄၅၀ ဦးခန့်က ထူးခြားမှုဖြစ်စဉ်နှင့် ၎င်းတို့သတ်မှတ်ထားသည့် ရွေး ကောက်ပွဲဆိုင်ရာ အချက်အလက် တွေ့ရှိချက်နှင့်ပတ်သက်၍ တစ် ပြေးညီ ဖုန်းဖြင့် ဆက်သွယ်သတင်းပေးပို့မည်ဟုဆိုသည်။ ယင်း သတင်းပေးပို့ချက်များကို PACE အဖွဲ့၏ Call Center မှ ဝန်ထမ်း ၃၀ ဦးခန့်ကမှတ်တမ်းယူ၍ ကွန်ပျူတာအချက်အလက်ပုံစံအတွင်း ထည့်သွင်းဖြည့်သွင်းမည်ဖြစ်သည်။ ရွေးကောက်ပွဲရက်တွင် မနက် |

| | | | | |
|---|---|---|---|---|
| | | | | တစ်ကြိမ်နှင့် ညနေပိုင်း (သို့) ညပိုင်းတစ်ကြိမ်တွင် တွေ့ရှိချက်များကို သတင်းထုတ်ပြန်သွားမည်ဖြစ်ပြီး အစီရင်ခံစာကို ၄၈ နာရီအတွင်းနှင့် တွေ့ရှိချက်အကြောင်းအရာများအားလုံးပါဝင်မည့် အစီရင်ခံစာကို တစ်လအတွင်း ထုတ်ပြန်ပေးနိုင်ရန် စီစဉ်ထားကြောင်း ဦးစိုင်းရဲကျော်စွာမြင့်က ပြောသည်။<br>မိုးမင်း |
| ၆ | ၃.၁၁.၁၅ | 7 Day Daily No (895) p (9) | Election | **ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ တစ်သောင်းကျော်ထိရှိလာ**<br>၂၀၁၅ ရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာရန် ပြည်တွင်းပြည်ပမှ လေ့လာစောင့်ကြည့်သူ တစ်သောင်းကျော် (၁၀၈၁၅) ဦးခွင့်ပြုထားပြီးဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက် ပွဲကော်မရှင်က ထုတ်ပြန်ထားသည်။ နိုင်ငံတကာသံရုံး ၃၂ ခုမှ ၄၇၀ ဦး၊ နိုင်ငံတကာ ရွေးကောက်ပွဲ စောင့်ကြည့်ရေးအဖွဲ့ခြောက်ခု မှ ၄၆၅ ဦး၊ ရွေးကောက်ပွဲအတွက် အကူအညီပေးနေသည့် နိုင်ငံတကာအဖွဲ့အစည်းကိုးခုမှ ၁၈၃ ဦး အပါအဝင် စုစုပေါင်း နိုင်ငံတကာမှ ရွေးကောက်ပွဲ စောင်ကြည့်သူ ၁၁၁၈ ဦးအား ကော်မရှင်က ခွင့်ပြုထားသည်။ ထို့ပြင် နိုင်ငံတကာမီဒီယာ ၄၅ ဖွဲ့မှ ၂၉၁ ဦးကိုလည်း ခွင့်ပြုထားသည်။ ပြည်တွင်းအဖွဲ့အစည်း ၁၃ ဖွဲ့မှ လေ့လာစောင့်ကြည့်သူ ၉၄၀၆ ဦး ကိုလည်း ကော်မရှင်က လေ့လာစောင့်ကြည့်ခွင့်ပြုထားသည်။ စောင့်ကြည့် လေ့လာသူများသည် ကြိုတင်မဲပေးခြင်း၊ ရွေးကောက်ပွဲနေ့တွင် မဲပေးခြင်း၊ မဲရေတွက်ခြင်းကို လေ့လာစောင့်ကြည့်ခွင့်ရမည်ဖြစ်သည်။ ၂၀၁၅ ရွေးကောက်ပွဲတွင် ကိုယ်စားလှယ်လောင်း ၆၀၀၀ ကျော် ယှဉ်ပြိုင်မည်ဖြစ်ကာ မဲဆန္ဒရှင် ၃၄ သန်းကျော်ရှိပြီး တစ်နိုင်ငံလုံးတွင် မဲရုံပေါင်း ၄၀၀၀၀ကျော်ထားရှိမည်ဖြစ်သည်။<br>နန္ဒ |
| ၇ | ၃.၁၁.၁၅ | Daily Eleven Pg (3) | Election | **မဲဆန္ဒရှင်ပညာပေးမှု နည်းပါးခြင်းကြောင့် ရွေးကောက်ပွဲတွင် ပယ်မဲအများအပြားရှိလာနိုင်ဟု ဒါန- ရှေ့ဆောင်မြန်မာအဖွဲ့ ပြော**<br>လာမည့် အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပညာပေးမှုနည်းပါးခြင်းကြောင့် ပယ်မဲအများအပြား ရှိလာနိုင်ကြောင်း ဒါန- ရှေ့ဆောင်မြန်မာအဖွဲ့က နိုဝင်ဘာ ၂ ရက်နေ့က ထုတ်ပြန်သည့် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာမှုတွေ့ရှိချက် အနှစ်ချုပ်မှ သိရသည်။ စောင့်ကြည့်လေ့လာမှုအရ အချို့ဒေသများတွင် ရွေးကောက်ပွဲ စောင့်ကြည့်သူများအား မလိုလားသည့်သဘော၊ ခြိမ်းခြောက်သည့် ပုံစံမျိုးများ တွေ့ရှိရသည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။ ဒါန- ရှေ့ဆောင်မြန်မာအဖွဲ့သည် ၂၀၁၅ ရွေးကောက်ပွဲအကြိုကာလ စောင့်ကြည့်လေ့လာမှုအား ကာလရှည်စောင့်ကြည့်လေ့လာသူ ၃၁ ဦးဖြင့် ဒေသ ၁၁ ခုရှိ မြို့နယ် ၂၈ မြို့နယ်တွင် စက်တင်ဘာ ၁ ရက်မှ အောက်တိုဘာ ၂၀ ရက်အထိ ပြုလုပ်ခဲ့ |

| | | | | |
|---|---|---|---|---|
| | | | | ခြင်းဖြစ်ပြီး တိုင်းရင်းသားလူနည်းစု၊ အမျိုးသမီးစုများ၊ မသန်မစွမ်းသူများ၊ ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများကို ဦးတည်အုပ်စုလေးမျိုးအဖြစ် သတ်မှတ်စောင့်ကြည့်ခဲ့ခြင်းဖြစ်သည်။ |
| ၈ | ၃.၁၁.၁၅ | Daily Eleven Pg (3) | Election | **ရွေးကောက်ပွဲအကြိုရက်ပိုင်းအတွင်း အမုန်းစကားပြောဆိုမှုများ နှင့် ဘာသာရေးခုတုံးလုပ်မှုများအပေါ် ကုလသမဂ္ဂ အတွင်းရေးမှူး ချုပ် စိုးရိမ်**<br>မြန်မာနိုင်ငံအတွင်း ရွေးကောက်ပွဲကျင်းပရန် ရက်ပိုင်းအလိုတွင် အစွန်းရောက်အုပ်စုများမှ အမုန်းစကားပြောကြားမှုများ၊ လူ့အဖွဲ့အစည်းအကြား မတည်မငြိမ်ဖြစ်အောင် လုပ်ဆောင်မှုများနှင့် ဘာသာရေးကို ခုတုံးလုပ်ခြင်းများ ဆက်လက်ဖြစ်ပေါ်နေသည့်အပေါ် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ကုလသမဂ္ဂက နိုဝင်ဘာ ၃ ရက်နေ့ကထုတ်ပြန်သည့် ထုတ်ပြန်ချက်တွင် သတိပေးပြောကြားထားသည်။ လာမည့်ရွေးကောက်ပွဲသည် လွန်ခဲ့သော ဆယ်စုနှစ်များအတွင်း အမျှတဆုံး ရွေးကောက်ပွဲဖြစ်ရန်မျှော်မှန်းကြောင်းနှင့် အဆိုပါ ရွေးကောက်ပွဲကျင်းပချိန်တွင် လူနည်းစုအစွန်းရောက်များမှ လွှမ်းမိုးသည့် ဘာသာရေးအရ အမုန်းပွားမှုများ လှုံ့ဆော်နေမှုများရှိကြောင်းနှင့် မဲဆန္ဒရှင်များအနေဖြင့်လည်း ခွဲခြားဆက်ဆံမှု မူဝါဒများကျင့်သုံးနိုင်သည့် ကိုယ်စားလှယ်များကို မဲမပေးရန်လည်း ဘန်ကီမွန်းက တိုက်တွန်းထားသည်။ |
| ၉ | ၃.၁၁.၁၅ | Daily Eleven Pg (23, 24) | Election | **နေပြည်တော်ကောင်စီနယ်မြေတွင် နောက်ဆုံးမဲစာရင်း ထုတ်ပြန်ရာ၌ အမှားပြင်ဆင်ချက်အချို့ကြောင့် မဲပေးနိုင်သူဦးရေ အနည်းငယ်တိုးလာနိုင်**<br>ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုဝင်ဘာ ၂ ရက်နေ့က အပြီးသတ်ထုတ်ပြန်သည့် မဲစာရင်း၌နေပြည်တော် ကောင်စီနယ်မြေတွင် မဲပေးခွင့်ရှိသူဦးရေ ၇၅၀၀၀၀ ကျော်ရှိပြီး အမှားပြင်ဆင်ချက်အချို့ကြောင့် မဲပေးနိုင်သူဦးရေ အနည်းငယ် ထပ်မံတိုးလာနိုင်သေးကြောင်း ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။ နေပြည်တော်ကောင်စီနယ်မြေ ရှစ်မြို့နယ်တွင် ဒုတိယအကြိမ် မဲစာရင်းထုတ်ပြန်စဉ်က ၇၃၀၀၀၀ ကျော်ရှိပြီး နောက်ဆုံးထုတ်ပြန်ရာတွင် ဦးရေ ၂၀၀၀၀ ခန့် တိုးလာခြင်းဖြစ်ကြောင်းနှင့် လက်ရှိအချိန်တွင် နောက်တိုးလူဦးရေစာရင်း အနည်းငယ်တိုးလာနိုင်သည့်အတွက် လူဦးရေစာရင်း အတိအကျပြောဆို၍မရနိုင်သေးဟု ရွေးကောက်ပွဲအရာရှိ ဦးကျော်မင်းဇော်ကပြောသည်။ ထို့ပြင် ပဲခူးတိုင်းအနောက်ပိုင်း ပြည်ခရိုင်အတွင်း နောက်ဆုံးအကြိမ်ထုတ်ပြန်သည့် မဲစာရင်းတွင်လည်း ပုံစံ (၃) ဖြင့် ပြန်လည်လျှောက်ထားသူများနှင့် ပုံစံ (၃) (က) ဖြင့် လျှောက်ထားသူများပါလာ၍ ခနစ်ထောင်နီးပါးအထိ တိုးလာသည်ဟု သိရသည်။ |

| | | | | |
|---|---|---|---|---|
| ၁၀ | ၃.၁၁.၁၅ | Daily Eleven Pg (24) | Election | **ရွေးကောက်ပွဲနီးလာသည့်နှင့်အမျှ ကယားပြည်နယ် ဖားဆောင်းမြို့နယ် မော်ချီးသတ္တုတွင်းဒေသတွင် လုံခြုံရေးအကြောင်းပြ၍ မဲရုံပယ်ဖျက်မည်ကို ဒေသခံများ စိုးရိမ်နေ**<br>ရွေးကောက်ပွဲကျင်းပရန် အချိန်နီးကပ်လာသည်နှင့်အမျှ ကယားပြည်နယ် ဖားဆောင်းမြို့နယ် မော်ချီးသတ္တုတွင်းဒေသတွင် လုံခြုံရေးအကြောင်းပြ၍ မဲရုံပယ်ဖျက်မည်ကို ဒေသခံများမှ စိုးရိမ်လျက်ရှိနေသည်ဟု သိရသည်။ မော်ချီးသတ္တုတွင်းဒေသတွင် အောက်တိုဘာ ၁၁ ရက်က မိုးအဆက်မပြတ်ရွာသွန်းပြီး မြေပြိုမှုများကြောင့် ရွှေ့ပြောင်းလုပ်သားနှင့် ဒေသခံ ၂၈ ဦး သေဆုံးကာ ခဲတူးဖော်မှုအား ဒီဇင်ဘာအထိ တရားဝင်ပိတ်ထားသဖြင့် ရွှေ့ပြောင်းလုပ်သား ၃၀၀၀ နီးပါးခန့်မှာ ဇာတိရပ်ရွာများသို့ ပြန်သွားကြသည်ဟုသိရသည်။ ယင်းအတွက်ကြောင့် အလုပ်သမားများကို အားထားသည့် ကြံ့ခိုင်ရေးပါတီမှာ အခက်တွေ့နေကြောင်း၊ လုံခြုံရေးကို အကြောင်းပြ၍ ညစ်ပတ်သည့်နည်းလမ်းများကို အသုံးပြုမည်ကို ဒေသခံများက စိုးရိမ်နေကြသည်။ ရွှေ့ပြောင်းလုပ်သားနှင့် ဒေသခံများ အပါအဝင် မြို့နယ်အတွင်း လူဦးရေအများဆုံးနေထိုင်ရာဒေသဖြစ်သည့် မော်ချီးသတ္တုတွင်းဒေသသည် လဝကဒုဝန်ကြီး ဦးဝင်းမြင့်က ကြံ့ခိုင်ရေးပါတီအတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။<br>မခိုင် |
| ၁၁ | ၃.၁၁.၁၅ | The Messenger Pg (2) | Election | **မဲရုံတစ်ရုံလျှင် ပါတီဝင်နှစ်ဦးစီဖြင့် NDF စောင့်ကြည့်မည်**<br>လာမည့် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် မန္တလေးတိုင်းအတွင်းရှိ မဲရုံတစ်ရုံလျှင် ပါတီဝင် (သို့) ပါတီထောက်ခံသူနှစ်ဦးစီဖြင့် စောင့်ကြည့်လေ့လာသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်း အမျိုးသားဒီမိုကရေစီအင်အားစုပါတီ (NDF) ဥက္ကဋ္ဌ ဦးကျော်အောင်က ပြောသည်။ မြို့နယ်အများစုတွင် အငြင်းပွားဖွယ်ပြဿနာများအား စောင့်ကြည့်ရန်အတွက် ပါတီဝင်နှစ်ဦးစီထားရှိကာ စောင့်ကြည့်သွားမည်ဖြစ်ကာ မဲရုံငါးရုံအား သက်ဆိုင်ရာနယ်မြေတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်အား ကိုယ်စားပြုသူနှင့် ဦးဆောင်ကာ ကွန်ရက်သဖွယ်ချိတ်ဆက်၍ စောင့်ကြည့်သွားမည်ဖြစ်သည်ဟု ၎င်းကဆိုသည်။ ယင်းသို့ စောင့်ကြည့်မှုအား NDF အနေဖြင့် မန္တလေးတိုင်းအတွင်းသာပြုလုပ်သွားမည်ဟု သိရသည်။<br>K.W.M |
| ၁၂ | ၃.၁၁.၁၅ | 7 Day Daily No (895) p (9) | Election | **ကာတာစင်တာမှ ရွေးကောက်ပွဲလေ့လာသူ ၆၀ ဦးကျော်လာရောက်မည်**<br>အမေရိကန်အခြေစိုက် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူအဖွဲ့ ကာတာစင်တာမှ ၂၀၁၅ ရွေးကောက်ပွဲ လေ့လာစောင့် |

| | | | | |
|---|---|---|---|---|
| | | | | ကြည့်ရန် အိုင်ယာခန်နိုင်ငံ သမ္မတဟောင်း၊ နီပေါနိုင်ငံရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ (အငြိမ်းစား) တို့ အပါအဝင် နိုင်ငံပေါင်း ၂၅ နိုင်ငံမှ အဖွဲ့ဝင် ၆၀ ဦးကျော် လာရောက်မည်ဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။ ကာတာစင်တာသည် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲ ကျင်းပမည့်ရက်ကို စတင်သိရှိခဲ့သည့် ဩဂုတ်လအစပိုင်းမှ စတင်ကာ အဖွဲ့ဝင် ၁၀ ဦးဖြင့် ရေရှည် လေ့လာစောင့်ကြည့်မှု ပြုလုပ်ခဲ့ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြသည်။ ကာတာစင်တာကို ကမ္ဘာတစ်ဝန်းရှိ ငြိမ်းချမ်းရေး၊ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ၊ တိုးမြှင့်ပေးနိုင်ရန်ရည်ရွယ်၍ အမေရိကန်သမ္မတဟောင်း ဂျင်မီကာတာနှင့် ဇနီးတို့က အီမိုရီ တက္ကသိုလ်နှင့် ပူးပေါင်းကာ ၁၉၈၂ တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။<br>မင်းဟိန်းကျော် |
| ၁၃ | ၃.၁၁.၁၅ | The Voice Daily Vol (3) No (179) p (1,4) | NLD | **အခြားပါတီများ ရွေးကောက်ပွဲ ဥပဒေချိုးဖောက်သည့် အမှုပေါင်း ၁၀၀ ကျော် NLD ပါတီ ကော်မရှင်ထံ တိုင်ကြားထားဟုဆို**<br>မဲဆွယ်စည်းရုံးသည့် အချိန်ကာလမှစတင်ကာ ယခုချိန်ထိ နိုင်ငံရေးပါတီအချို့ ဥပဒေဖောက်ဖျက်ပြီး မဲဆွယ်စည်းရုံးရေး လုပ်ဆောင်မှု ၁၀၀ ကျော်ကိုNLD ပါတီက သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင် အသီးသီးထံ တိုင်ကြားထားကြောင်း NLD ပါတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က ပြောသည်။ နိုဝင်ဘာ ၁ ရက်နေ့က ကျင်းပသော ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏရပ်ကွက်တွင် ကျင်းပပြုလုပ်ခဲ့သော NLD ပါတီ ရန်ကုန်တိုင်းလုံးကျွတ် မဲဆွယ်ဟောပြောပွဲတွင် ယင်းကဲ့သို့ ပြောကြားခြင်းဖြစ်သည်။ NLD ပါတီက ယှဉ်ပြိုင်မည့် ကိုယ်စားလှယ် လောင်းများကို ချီဖွေမြို့နယ်တွင် ကချင်ပြည်သူ့စစ်အဖွဲ့မှ ခြိမ်းခြောက်တားဆီးခဲ့သောကြောင့် ကချင်ပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်ရုံးတွင် စေ့စပ်ညှိနှိုင်းမှု နှစ်ကြိမ်တိုင်တိုင် ပြုလုပ်ခဲ့သည်။<br>ရန်ကုန် |
| ၁၄ | ၃.၁၁.၁၅ | Daily Eleven Pg (22) | NLD | **မကွေးမြို့နှင့် ရေနံချောင်းမြို့ NLD ပါတီ ရွေးကောက်ပွဲအောင်နိုင်ရေး ဖျော်ဖြေပွဲများတွင် ပြည်သူသောင်းနှင့်ချီ ဝန်းရံခဲ့ပြီး**<br>အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ နိုဝင်ဘာ ၂ ရက်က မကွေးမြို့နှင့် ရေနံချောင်းမြို့များတွင်ပြုလုပ်သည့် ရွေးကောက်ပွဲအောင်နိုင်ရေး ဖျော်ဖြေပွဲများတွင် သောင်းနှင့်ချီသော ပြည်သူများက NLD ပါတီအား ထောက်ခံကြောင်း ပြသဝန်းရံခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်အားထောက်ခံကြောင်း ပြသသည့်အနေဖြင့် နှင်းဆီပန်းအနီများ ပြိုင်တူပန်ဆင်ခြင်း၊ ပြည်သူများအား ဖရဲသီးအလှူပေးခြင်းနှင့် အလျား ပေ ၁၀၀၀ အရှည်ရှိ NLD ပါတီ တံဆိပ်ပါ အလံကြီးကို ပြည်သူများ လက်ဆင့်ကမ်းသည့်အစီအစဉ်များ ပါဝင်ခဲ့သည်ဟု သိရသည်။ ဖျော်ဖြေပွဲမစတင်မီ အနုပညာရှင်များမှ ရွေးကောက်ပွဲ |

| | | | | |
|---|---|---|---|---|
| | | | | နေ့ မဲပေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များနှင့် မဲပေးနည်းတို့ကို ပညာပေးပြောကြားခဲ့ကာ ရွေးကောက်ပွဲဝင်မည့် ကိုယ်စားလှယ်လောင်းများကိုလည်း ပြည်သူများနှင့် မိတ်ဆက်ပေးခဲ့သည်။<br>အောင်သူငြိမ်း |
| ၁၅ | ၃.၁၁.၁၅ | The Messenger Pg (6) | NLD | **ပြည်ခိုင်ဖြိုးမဲရုံကိုယ်စားလှယ်အား NLD မဲရုံ ကိုယ်စားလှယ်မှ ဆောင့်တွန်းသဖြင့် အမှုဖွင့်**<br>ပြည်ခိုင်ဖြိုးပါတီ၏ မဲရုံကိုယ်စားလှယ်တစ်ဦးအား NLD မဲရုံကိုယ်စားလှယ်မှ ဆောင့်တွန်းလိုက်သဖြင့် NLD ကိုယ်စားလှယ်အား ဆိပ်ကြီးခနောင်တိုမြို့နယ်တွင် အမှုဖွင့်ထားသည်ဟု သိရသည်။ နိုဝင်ဘာ ၁ ရက်နေ့က ဆိပ်ကြီးခနောင်တိုမြို့နယ် NLD ပါတီဥက္ကဋ္ဌမှ ရပ်ကွက်ကော်မရှင်ရုံးတွင် ကြိုတင်မဲပေးသည့်ကိစ္စအား ကော်မရှင်အဖွဲ့အားမေးမြန်းမှုကို ရပ်ကြည့်နေသည့် USDP မှ မဲရုံကိုယ်စားလှယ် မအေးအေးစိုးအား တစ်ရပ်ကွက်တည်းနေ NLD ပါတီ မဲရုံကိုယ်စားလှယ် ကိုအောင်ထွန်းဦးဆိုသူက ၆ ပေအကွာမှ ပြေးလာကာ သူမ၏ယာလက်မောင်းအား ဆောင့်တွန်းသဖြင့် ယိုင်လဲခဲ့သည်ဟုသိရသည်။ ယင်းအတွက်ကြောင့် မအေးအေးစိုးက ကာယိန္ဒြေပျက်စီးအောင်ပြုလုပ်သည်ဟုဆိုကာ အမှုဖွင့်တိုင်တန်းခဲ့ခြင်းဖြစ်သည်။ |
| ၁၆ | ၃.၁၁.၁၅ | The Messenger Pg (20) | NLD | **မန်းတိုင်းအတွင်း NLD ဆိုင်းဘုတ် တစ်ဒါဇင် နှောင့်ယှက်ဖျက်ဆီးခံရ**<br>မန္တလေးတိုင်းဒေသကြီးအတွင်း မဲဆွယ်စည်းရုံးခွင့်ရ သည့်အချိန်မှစ၍ လက်ရှိအချိန်အထိ မဲဆွယ်ဆိုင်းဘုတ် ဖျက်ဆီးခံရသည့်ဖြစ်စဉ် (၃၀) ရှိပြီး NLD ပါတီက (၁၂) ခု ဖျက်ဆီးခံခဲ့ရသည်ဟု မန္တလေးတိုင်းဒေသကြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အောင်နိုင်ရေးအဖွဲ့မှ သိရသည်။ နိုဝင်ဘာ ၂ ရက်နေ့အထိ ပုသိမ်ကြီးမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ မိတ္ထီလာမြို့နယ်၊ မလှိုင်မြို့နယ်၊ နွားထိုးကြီးမြို့နယ်၊ ငါန်းဇွန်မြို့နယ်၊ အမရပူရမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ သာစည်မြို့နယ်၊ ပျော်ဘွယ်မြို့နယ်၊ ရမည်းသင်းမြို့နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေ စသည်များတွင် ဆိုင်းဘုတ်များဖျက်ဆီးခံရခြင်း၊ စည်းရုံးရေးယာဉ်တန်းများ ဟန့်တားခံရခြင်း၊ မဲဆွယ်စည်းရုံးခွင့်မရခြင်း၊ ခဲဖြင့် အပေါက်ခံရခြင်းနှင့် မဖွယ်မရာပြုမူခြင်းများ ကြုံတွေ့ခဲ့ရသည်ဟု NLD အောင်နိုင်ရေးအဖွဲ့မှ သိရသည်။ ပါတီအသီးသီး၏ ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးခွင့်အား ကော်မရှင်မှ စက်တင်ဘာ ၈ ရက်မှ နိုဝင်ဘာ ၆ ရက်နေ့အထိ ရက်ပေါင်း (၆၀) ခွင့်ပြုပေးထားသည်။ |

| | | | | |
|---|---|---|---|---|
| ၁၇ | ၃.၁၁.၁၅ | The Voice Daily Vol (3) No (179) p (11) | USDP | **ပြည်ခိုင်ဖြိုးအသင်းက သိမ်းဆည်းခဲ့သော လယ်ယာများ ပြန်ရရေး ခင်ဦးတောင်သူများ ဆန္ဒထုတ်ဖော်မည်**<br>စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် ကံသစ်ကျေးရွာနှင့် ဘွေကုန်းကျေးရွာတွင် ဒေသခံတောင်သူ ၁၄ ဦးပိုင် မြေ၄၃ ဧကကို ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံ စီမံကိန်းဆောင်ရွက်ရန် အကြောင်းပြ၍ သိမ်းဆည်းခဲ့ရာမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ လွှဲပြောင်းပေးခဲ့သော အဆိုပါယာမြေများ ပြန်လည်ရရှိရေး ဆန္ဒထုတ်ဖော်သွားမည်ဖြစ်ကြောင်း ယင်းဒေသခံ များထံမှ သိရသည်။ ယင်းလယ်ယာမြေများကို ပြန်လည်ရရှိရေးအတွက် ၂၀၁၄- ၂၀၁၅ ခုနှစ်အတွင်း သက်ဆိုင်ရာ မြေယာစီမံခန့်ခွဲမှု ကော်မရှင်ထံသို့ တင်ပြခဲ့သော်လည်း လက်ရှိ ချိန်ထိ မဖြေရှင်းပေးသည့်အတွက် ဆန္ဒထုတ်ဖော်ရခြင်းဖြစ်ကြောင်း ဒေသခံ တောင်သူများကဆိုသည်။ ယင်းလယ်ယာမြေများကို လက်ရှိတွင် ပြည်ခိုင်ဖြိုးပါတီက တစ်ဧကလျှင် စပါး ၂၅ တင်းနှုန်းဖြင့် သီးစားချထားကြောင်း ဒေသခံများက ပြောသည်။<br>မန္တလေး |
| ၁၈ | ၃.၁၁.၁၅ | The Voice Daily Vol (3) No (179) p (11) | ၈၈၈၈ | **မိတ္ထီလာတွင် ဦးဂျင်မီနှင့် စာရေးဆရာ ဇော်ခိုင်ဦးတို့ NLD အောင်နိုင်ရေး ဟောပြောမည်**<br>မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ကတွင် NLD ပါတီ အောင်နိုင်ရေး လှုပ်ရှားမှုအဖြစ် ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းက ဦးဂျင်မီနှင့် စာရေးဆရာ ဇော်ခိုင်ဦး (မန္တလေး) တို့က မြို့လုံးကျွတ် လှည့်လည်ကာ တေးဂီတယာဉ်ဖြင့် စည်းရုံးဟောပြောမှုကို နိုဝင်ဘာ ၃ ရက်နှင့် ၄ ရက်တို့တွင် ပြုလုပ်မည်ဖြစ်ကြောင်း ယင်းမြို့နယ် NLD ပါတီ ပြန်ကြားရေးတာဝန်ခံ ဦးမင်းသုဝဏ် ပြောသည်။<br>မိတ္ထီလာ |
| ၁၉ | ၃.၁၁.၁၅ | The Voice Daily Vol (3) No (179) p (11) | Other | **ပြည်သူ့ဘဝကို မြှင့်တင်ပေးနိုင်မည့် ပါတီကိုသာ ရွေးချယ်မဲပေးရန် ဦးဝီရသူ မိန့်ကြား**<br>လာမည့် နိုဝင်ဘာ ၈ ရက် ရွေးကောက်ပွဲတွင် ပြည်သူ့ဘဝကို မြှင့်တင်ပေးနိုင်မည့် ကိုယ်စားလှယ်လောင်းများကို သာ ရွေးချယ်မဲပေးရန် တိုက်တွန်းကြောင်း အထက်မြန်မာပြည် အမျိုးဘာသာ၊ သာသနာစောင့်ရှောက်ရေး ဦးဆောင်ဆရာတော် ဦးဝီရသူက မိန့်ကြားသည်။ အတုမရှိအမျိုးသားရေး သတင်းဂျာနယ်နှင့် ရွေးကောက်ပွဲဝင်လွှတ်တော် ကိုယ်စားလှယ်လောင်းများ တွေ့ဆုံမိတ်ဆက်ခြင်းကို နိုဝင်ဘာ ၂ ရက်တွင် မန္တလေးမြို့ရှိ ဂျာနယ်တိုက်တည်ရှိရာ မဟာအောင်မြေမြို့နယ် ကင်းဝန်မင်းကြီးကျောင်းတိုက်တွင်ပြုလုပ်ရာ ဆရာတော်က ယင်းသို့ မိန့်ကြားခြင်းဖြစ်သည်။ တွေ့ဆုံပွဲသို့ နိုင်ငံရေးပါတီ အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ် |

| | | | | |
|---|---|---|---|---|
| | | | | ၃၀ ဦးကျော် တက်ရောက်ခဲ့ပြီး ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်း ၁၃ ဦးနှင့် အတူမရှိ အမျိုးသားရေးဂျာနယ် တို့ တွေ့ဆုံမေးမြန်းထားသည့် **"ခေါက်ကြည့်ပြီးမှ ရွေးချယ်ပါ"** DVD ချပ်ရေး တစ်သောင်းကို အခမဲ့ဝေငှခဲ့သည်။<br>မန္တလေး |
| ၂၀ | ၃.၁၁.၁၅ | စံတော်ချိန်<br>အတွဲ (၃)<br>အမှတ် (၉၂၃)<br>p (24,3) | Other | **ကရင်ပြည်နယ် အစိုးရအဖွဲ့အား ဆန္ဒထုတ်ဖော်မည့်ကိစ္စ နယ်ခြားစောင့်တပ် ဖျက်သိမ်း**<br>ကရင်ပြည်နယ်အဖွဲ့အား မြေယာကိစ္စနှင့် ပတ်သက်၍ နယ်ခြားစောင့်တပ်က နိုဝင်ဘာ ၇ ရက်တွင် ဆန္ဒထုတ်ဖော်ရန် စီစဉ်ခဲ့သော်လည်း နှစ်ဖက်ညှိနှိုင်း ပြေလည်မှုရရှိခဲ့သဖြင့် အစီအစဉ်ကို ဖျက်သိမ်းလိုက်ကြောင်း ကရင်ပြည်နယ် နယ်ခြားစောင့်တပ်မှ ဗိုလ်မှူးသိန်းဇော်မင်းကပြောသည်။ ကရင်ပြည်နယ်၊ ဘားအံမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က နယ်ခြားစောင့်တပ် ဖွဲ့ခေါင်းဆောင် ဗိုလ်မှူးကြီး စောချစ်သူကို လိပ်မူ၍ လယ်ယာမြေ ခြောက်ဧကကျော်အား ခွင့်ပြုမိန့်မရှိဘဲ အခြားနည်းအသုံးပြုသည် ဆိုကာ ဒုတိယအကြိမ် ထပ်မံအကြောင်းကြားစာပေးပို့ခဲ့သောကြောင့် ဆန္ဒထုတ်ဖော်ရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။<br>ထိုက်သူဇော် |

## ONLINE NEWS

## U THEIN SEIN

### အကျင့်ပျက်ပေါင်း ဖျောက်ဖို့ သူ့အတွက် အလွန်ခက်သည့် အလုပ် ဖြစ်ခဲ့ ဟုသမ္မတဆို

3.11.2015

သမ္မတဦးသိန်းစိန်မှ သူ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကိုဖေါ်ညွှန်းပြောဆိုရာတွင်သူ၏သမ္မတသက်တမ်းအတွင်း အကျင့်ပျက်ပေါင်း၊ အတွေးအခေါ်ပေါင်းနှင့် ကိုယ်ကျိုးအတွက်ရှေ့တန်းတင်မှုများကို ဖယ်ရှားခဲ့ရပြီးအလွန်ခက်ခက်ခဲခဲ့သည်ဟု လစဉ်ရေဒီယို မိန့်ခွန်းတွင် ပြောဆို သည်။ လာမည့် ရွေးကောက်ပွဲ နှင့် ပတ်သက်၍ ပြောဆိုသွားသည်မှာ ရွေးကောက်ပွဲ ရလဒ်ကို လက်ခံကြရန်၊နိုင်ငံရေးပါတီများ၊ လူပုဂ္ဂိုလ်များသို့ တိုက်တွန်းထားသည်။ ရွေးကောက်ပွဲတွင် ပြည်သူတစ်ဦးချင်းအနေဖြင့် ဆုံးဖြတ် ရွေးချယ်ရာတွင်လည်း ရိုးသားတည်ကြည်မှု၊ စိတ်ရှည် သဘောထားကြီးမှုနှင့် အမြော်အမြင်ကြီးမှုစသည့် နိုင်ငံသားတန်ဖိုး၊ လူမှုတန်ဖိုးများ နှလုံးသွင်းကာ စဉ်းစားဆုံးဖြတ်ရွေးချယ်ကြစေလိုသည် ဟုပြောသည်။အစိုးရအဖွဲ့ အနေဖြင့် သန့်ရှင်းလွတ်လပ်သည့် ရွေးကောက်ပွဲ ငြိမ်းချမ်းစွာ ကျင်းပနိုင်ရန် ရာနှုန်းပြည့် ကြိုးစားလုပ်ဆောင်ထားကြောင်း အသိပေး ပြောခဲ့သည်။ မြန်မာတို့ အနေဖြင့် ကောင်းမွန်သည့် ဆုံးဖြတ်ရွေးချယ်မှု လုပ်နိုင်ကြောင်း သက်သေထူရန် သမ္မတမှပြောကြားသွားသည်။

http://mizzimaburmese.com/article/6854#sthash.IaTSpyjc.dpuf

http://burma.irrawaddy.org/short-news/2015/11/03/98502.html

CDNH မှ ပြုစု ဖြန့်ဝေခြင်းဖြစ်ပါသည်။

## THURA U SHWE MANN

### ဦးသူရရွှေမန်း မှ ဒေါ်အောင်ဆန်းစုကြည်နှင့် ပေါင်းသဖြင့် ပါတီကရာထူးချခံရခြင်းဖြစ်ကြောင်းနှင့် ပတ်သက်၍ ဦးလှဆွေ ဝေဖန်ချက်

3.11.2015

ဒေါ်စုကြည်နှင့် ပေါင်းလို့ ပါတီ ကရာထူးချလိုက်ခြင်းသည် နိုင်ငံ့အကျိုးဟု ပြောမည့် (အစိမ်းအုပ်စု) ရှိသကဲ့သို့ ဒေါ်စုနှင့်ပေါင်းမှနိုင်ငံအကျိုးဟု ပြောသူ(အနီအုပ်စု)များလည်းရှိနေမည်။ဒေါ်စုနဲ့ ပူးပေါင်းလုပ်ကိုင်ရန်နအဖခေတ်ကတည်းကကြိုးပမ်းခဲ့သော်လည်းမက်ဒလင်းအောဘရိုက်ရောက်ပြီးနောက်တစိမ်းပြင်ပြင်ပြန်ဖြစ်သွားခဲ့ပြီးယခုလည်းအင်္ဂလိပ်တစ်ယောက်လည်းဒေါ်စုသွားလေရာပါနေ။ဒေါ်စုအနေဖြင့်ပါဝါရှယ်ယာအဆင့်မလိုလားဘဲအကြွင်းမဲ့အာဏာကိုသာ ရယူခြင် သည် မှာ သူ့၏ လုပ်ရပ် များကြောင့် သိသာလာ သည်။ ဥပမာ ကိုယ်ပိုင် အရည်အချင်း ရှိသည့် ကိုကိုကြီး၊ ဒေါက်တာညိုညိုသင်းတို့အားပါတီကိုယ်စားလှယ်လောင်းအဖြစ် မသုံးခဲ့သည့်ဖြစ်ရပ်မှာ ထင်ရှားနေသည် ။ ဦးရွှေမန်းအားကြံ့ခိုင်ရေးမှသီးခြားခွဲထုတ်စည်းရုံးပြီးအိပ်ကပ်ထဲထည့်ခြင်းသည်လည်းပါတီ၊လွှတ်တော်၊အစိုးရနှင့် တပ်မတော်အား အက်ကြောင်း ဖြစ်စေခဲ့ သဖြင့် ဦးရွှေမန်း အား ဖယ်ရှားပြီး ပါတီအား အချိန်မှီ ပြန်လည် ရင်ကြားစေ့နိုင်ခဲ့။ ယခုလည်း သူရဦး ရွှေမန်းမှ ထုတ်ဖေါ်ပြောဆိုခြင်း သည် အနီဘက် လူများ၏ စာနာမှု့ ခံယူပြီး မဲ တောင်းခြင်းသာ ဖြစ်ကြောင်း ဦးလှဆွေမှရင်း၏ အမြင်ကို Facebook တွင်တင်ထားသည် ။

### ပူးပေါင်းဆောင်ရွက်လိုစိတ် မရှိသူတွေကို ဦးရွှေမန်း ဝေဖန်

2.11.2015

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး ပါတီဥက္ကဋ္ဌဟောင်း သူရဦးရွှေမန်း မှ ရာထူး ဖယ်ရှားခံရသည့် အကြောင်း နှင့် ပတ်သက်၍ ထုတ်ဖော်ပြောဆိုကာ ၎င်းအနေဖြင့် ပါတီမှ မထွက်ဘဲ မည် သူနှင့်မဆို ပူးပေါင်း ဆောင်ရွက်လိုသည်ဟု ပြောဆိုပြီး ပူးပေါင်း ဆောင်ရွက်လိုစိတ် မရှိသူများသည် " ဘယ်လို လို လူတွေလဲ" ဟု မေးခွန်း ထုတ်သွား ကြောင်း အပြောတမျိုး အလုပ်တမျိုးလုပ်နေတဲ့အစိုးရကို နောက်တခါ မဲမပေးရန် သူရဦးရွှေမန်းပြော ပါသည်။အချို့မှ သူသည် အပြောင်းအလဲ လိုချင် နေကြသည့် ပြည်သူများနှင့် အတူလိုက်ပါ ပြောင်းလဲ လာသည် ဟု သုံးသပ်ထားသည်။

http://www.bbc.com/burmese/burma/2015/11/151102_ushweman?ocid=socialflow_facebook

## ELECTION

### ရွေးကောက်ပွဲ မပျက်မကွက်မဲပေးကြရန် ကန်သံအမတ် တိုက်တွန်း

3.11.2015

ဒီမိုကရေစီစနစ်နှင့် အညီ ကျင်းပသည့် သမိုင်းဝင်ရွေးကောက်ပွဲတွင် မည်သူ ကို ခေါင်းဆောင်သင့်သည် ဆိုသည် ကို မြန်မာပြည်သူများအနေဖြင့်မဲပေးကြရန်အမေရိကန်သံအမတ်ကြီးDerek Mitchell မှတိုက်တွန်း ပြောကြားထားသည်။ အမေရိကန်ပြည်ထောင်စု အနေဖြင့် လည်း ယခုကဲ့သို့အရေးပါသည့်ရွေးကောက်ပွဲအတွက် မြန်မာနိုင်ငံသားများအား

အတတ်နိုင်ဆုံး ကူညီပံ့ပိုးပေးနေသည်ဟု ပြောပါသည်။ ဒီမိုကရေစီစနစ်တွင် အရေးအပါဆုံးပုဂ္ဂိုလ်သည် သမ္မတ နှင့် နိုင်ငံရေးသမားများ လည်းမဟုတ်ဘဲ အရေးအပါဆုံးသည် တိုင်းသူ ပြည်သားများသာ ဖြစ်ကြောင်း သံအမတ်ကြီး မှ သမ္မတ Obama ပြောကြားချက်အား ပြန်လည် ကိုးကား ပြောဆိုသွားသည်။ ကိုဇော်ဝင်းလှိုင်

[http://burmese.voanews.com/content/derek-mitchell-urges-to-myanmar-people-to-choose-for-thier-leader-/3033544.html](http://burmese.voanews.com/content/derek-mitchell-urges-to-myanmar-people-to-choose-for-thier-leader-/3033544.html)

## မဲလက်မှတ်မှာ ပါတီတံဆိပ်အရောင်ကွဲလွဲမှု မွန်အမျိုးသားပါတီကန့်ကွက်

2.11.2015

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်မှ ထုတ်ဝေ ထားသည့် မဲလက်မှတ်များ တွင် မွန်အမျိုးသား ပါတီ- MNP ၏အမှတ်တံဆိပ်ဖြစ်သည့် ကြယ်ဖြူနှင့် ဟင်္သာပုံများသည်အရောင်ကွဲလွဲနေသဖြင့် မွန်အမျိုးသားပါတီမှကန့်ကွက် ထား သည်။ မွန်ပြည်နယ် ရွေးကောက်ပွဲ ကော်မရှင်အရာရှိ ဦးဟိဏ်းလင်းထက်မှ ကော်မရှင်ကထုတ်ဝေသည့် မဲလက်မှတ်သည်အဝါရောင်ဖြစ်သောကြောင့်၊ပါတီတံဆိပ်များသည်အဖြူရောင်အမှတ်အသားများသည်မဲလက်မှတ် အောက်ခံဖြစ်သည့် အဝါရောင်ဖြစ်နေကြောင်း၊ပါတီ တခုတည်း၏ အမှတ်တံဆိပ်သာ အရောင်ပြောင်းခြင်းမဟုတ် ကြောင်း၊ပါတီတံဆိပ်ပုံစံလည်းပျက်ယွင်းမသွားကြောင်းပြောပါသည်။မွန်ပြည်နယ်တွင်မဲပေးခွင့်ရှိသူတသန်းခွဲရှိပြီး၊ မွန်ပြည်နယ် အတွက် မဲလက်မှတ် စုစုပေါင်း တသန်း ၇ သိန်း ပေးပို့ထားသည်။**RFA Burmese TV Channel**

## PEACE/ARM CONFLICT

## Karen BGF issued a protest statement

**3.11.2015**

ကရင်နယ်ခြားစောင့်တပ်ဖွဲ့ ကရင်ပြည်နယ်တွင် ဆန္ဒပြပွဲလုပ်မည့် ကြေငြာချက်ထုတ်ပြန်ခြင်းနှင့် စပ်လျဉ်းပြီးဗိုလ်မှူး ချုပ်သူဦးစီးသည့် နယ်ခြားစောင့်တပ်ဖွဲ့နှင့် ပြည်နယ်အစိုးရအဖွဲ့ အချေအတင် ဆွေးနွေးညှိနှိုင်းခဲ့ကြရသည်။နယ်ခြား စောင့် အဖွဲ့ မှာ ပြောရာတွင် ကရင်ပြည်နယ်တိုးတက်အောင် လုပ်ဆောင်ခဲ့သမျှ ပြည်နယ်အစိုးရဘက်မှအသိအမှတ် မပြု သည့် အပြင် ရည်ရွယ်ချက်ရှိရှိနှင့် တမင်ပိတ်ပင်တားဆီးသည်ဟု ၎င်းတို့ ခံစားခဲ့ရကြောင်း၊ မိမိပြည်နယ်ထိခိုက် နစ်နာမှု မရှိအောင်ပြဿနာမရှာလိုကြောင်းကရင်နယ်ခြားစောင့်တပ်ဦးစီးသူဗိုလ်မှူးချုပ်သူမှတင်ပြမည်ဟုပြောသည်။ ပြည်နယ်အစိုးရမှ ကရင့်အမျိုးသားဥယျာဉ်တော်စီမံကိန်း ပိတ်ပင်တာဆီးမှုသည် လယ်ယာဦးစီးဌာနမှ ကိုင်တွယ်ခြင်း ဖြစ်ကြောင်း၊အဆင်ပြေရန် လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်းကတိကဝတ် ပေးခဲ့ပြီးဆွေးနွေးပွဲအဆင်ပြေချောမွေ့ သွားခဲ့သည်။ by - saw da da bu

Karen Share

## MA BA THA

### ဦးဝီရသူ

3.11.2015

ဆရာတော်ဦးဝီရသူမှကြီးမှူး၍မန္တလေးမြို့ မစိုးရိမ်တိုက်သစ်ကြီး၌ မိဘပြည်သူအပေါင်းနှင့် သားဆက်ခြားရေးဥပဒေများနှင့် အကျိုးကျေးဇူးများကို တင်ပြရှင်းလင်းခဲ့ပြီးမိဘပြည်သူများမှ သားဆက်ခြားရေးကိစ္စအဝဝများနှင့်စပ်လျဉ်း၍ ပြန်လည်တင်ပြဆွေးနွေးရာ ဆရာတော်ဦးဝီရသူမှသားဆက်ခြားသည့်ဆေးဝါးများသည် တချိန် ကိုယ်သားသမီးပြန်လိုချင်သည့်အခါတွင်အခက်အခဲများ ရှိနိုင်သည့် အတွက်ထိုဆေးဝါးအားမသုံးစွဲတူတူနေနိုင်လျှင် အကောင်းဆုံးဖြစ်ကြောင်းနှင့် ကွန်ဒုံးဖြင့်သာ လိင်ဆက်ဆံလျှင်မည်သည့်ဘေးထွက်ဆိုးကျိုးမှမရှိနိုင်ကြောင်း မိန့် တော်မူခဲ့ပြီး ကွန်ဒုံးများအားတက်ရောက်လာသူအပေါင်းတို့ အတွက်လိုအပ်သလောက် အခမဲ့ဝေငှခဲ့ကြောင်းThe Messenger News သတင်းထောက် ကိုမင်းကိုဝင်းမှသတင်းပေးပို့ ထားသည်။မင်းကိုဝင်း  Messenger News

၄:၃ဝp.m

ဖုန်းနံပါတ် - 09970000245

မြန်မာ့သတင်းထူးသတင်းဦးများ

## RAKHINE NEWS

### ရခိုင်ပြည်နယ်ကို ရခိုင်ကိုယ်စားလှယ်များ စီမံနိုင်စေလိုကြောင်း ဦးတင်ဦး ပြော

3.11.2015

ရခိုင်ပြည်နယ် အရေးကိစ္စများ ကို ရခိုင်တိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ်များမှ စီမံခန့်ခွဲနိုင်ရန် လာမည့် ရွေးကောက်ပွဲတွင် ရခိုင်တိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ်များ အနိုင်ရပြီး ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့် ရရှိနိုင်ပါစေရန်  အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်  နာယက ဦးတင်ဦးက ပြောပါသည်။

http://bitly.com/1kmmutb

## OTHER

### စကောက် အလန် မာရှယ်ကို မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် သံအမတ်အဖြစ် အဆိုပြု

2.11.2015

သမ္မတ အိုဘားမားသည်  Scot Alan Marciel  ကို မြန်မာနိုင်ငံ ဆိုင်ရာ  အမေရိကန် သံအမတ်ကြီးအဖြစ်အဆိုပြုလျာထားကြောင်း မကြာသေးမီ က သတင်းထုတ်ပြန်ထား  သည်။ Scot Alan Marciel  သည် ၂၀၁၃ ခုနှစ်မှ စ၍ အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ ဒု လက်ထောက် ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ် သည်။ ယင်းမတိုင်မီ အင်ဒိုနီးရှားဆိုင်ရာ အမေရိကန်သံအမတ်ကြီး၊အာဆီယံဆိုင်ရာ သံအမတ်ကြီး၊အရှေ့တောင်အာရှ ရေကြောင်းရုံး ညှိနှိုင်းကြားရေးမှူး စသည်ဖြင့် တာဝန်ယူခဲ့ဖူးသည်။

https://www.whitehouse.gov/the-press-office/2015/10/20/president-obama-announces-more-key-administration-posts

http://burma.irrawaddy.org/short-news/2015/11/02/98457.html

## ဆော်ဒီရောက် မြန်မာနိုင်ငံသား တစ်သိန်းကျော်ကို ဒုက္ခသည်တွေအဖြစ် လက်ခံ

3.11.2015

ဆော်ဒီအာရေးဗီးယားနိုင်ငံတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသား ၂၅၀,၀၀၀ ကျော်မှ တဝက်ဖြစ်သည့် ၁၂၅,၀၀၀ ကျော်အားဆော်ဒီအစိုးရမှဒုက္ခသည်များအဖြစ်၄နှစ်ကြာနေထိုင်ခွင့်ပြုမည့်ခွင့်ပြုချက် ထုတ်ပေးလိုက်ပြီဖြစ် သည်။ ထိုပါမစ်အား Makkah မြို့ နိုင်ငံကူးလက်မှတ်ဌာတွင် ထုတ်ပေးပြီး ကျန်ဒုက္ခသည်များ၏ ကိစ္စများကို လည်း ဆက်လက်ဆောင်ရွက်နေသည်ဟု ဆိုသည်။နေထိုင်ခွင့်ပါမစ်ရရှိသူများသည် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု၊အခမဲ့ပညာသင်ကြားခွင့်နှင့် အလုပ်လုပ်ခွင့်များ ရရှိမည်ဖြစ်သည်။ ပါမစ်ထုတ်ပေးရေး ဆော်ဒီအစိုးရ၏ ဆောင်ရွက်ချက်များ သိရှိခွင့်ရရန် UNHCR ရုံးမှ ကိုယ်စားလှယ်များလည်း ဆော်ဒီအာရေးဗီးယားနိုင်ငံကို သွားရောက်လေ့လာခဲ့ကြသည်။

http://burmese.voanews.com/content/saudi-accepts-more-than-20000-as-refugees-for-4-year-permit-/3033611.html

## ဖွံ့ဖြိုးဆဲ နိုင်ငံများအနက် မြန်မာနိုင်ငံ၏ မြေဈေးသည် တစ်စတုရန်း မီတာလျှင် ပျမ်းမျှ ၆၀၅ ဒေါ်လာဖြင့် အမြင့်ဆုံး ဖြစ်နေ

3.11.2015

မြန်မာနိုင်ငံ၏ အိမ်ခြံမြေ ကဏ္ဍ သည် စင်ကာပူ နိုင်ငံထက်ပင် များပြား နေပြီး မြန်မာနိုင်ငံ တွင် အများစု မှ အိမ်၊ ခြံ၊ မြေလက်ကိုင်ထားပြီးကစားနေသဖြင့်နိုင်ငံခြားမှ အမှန်တကယ်လာရောက်ရင်းနှီးမြှုပ်နှံသူများ အတွက် အခက်အခဲဆုံးနှင့် အကုန်အကျဆုံးမှာ မြေနေရာအတွက်ဖြစ်ကာ အခြားနိုင်ငံများတွင်မြေနေရာအတွက် မြှုပ်နှံမှုမှာရင်းနှီးမြှုပ်နှံမှုစုစုပေါင်းကုန်ကျစရိတ်၏ ရာခိုင်နှုန်း ၂၀ ဝန်းကျင်သာ ရှိချိန်တွင် မြန်မာနိုင်ငံတွင် ရာခိုင်နှုန်း ၃၀ မှ ရာခိုင်နှုန်း ၄၀အထိ ရှိနေဆဲဖြစ်နေသည်ဟု ဗြိတိန်အခြေစိုက် Savills မှ အကြီးတန်း မန်နေဂျာ Sushant Bihani က ပြောကြားသည်။

http://goo.gl/suUdI6